# Easter Sunday - Year A

## ယေရှုသခင်ရှင်ပြန်ထမြောက်သောပါစကားပွဲတော်ကြီး။

**ပဌမကျမ်း။ (နံနက်မစ္ဆားတာရား)**

**“သေခြင်းမှထမြောက်ပြီးသည့်နောက်ထိုသခင်နှင့်အတူ ငါတို့သည်စားသောက်ကြရ၏။**

*တမန်တော်ဝတ္ထုကျမ်း ၁၀၊ ၃၄နှင့် ၃၇မှ ၄၃ အထိ။*

ပေတရုသည်မိမိနှုတ်ကိုဖွင့်ဟ၍ပြောတော်မူသည်ကား ယောဟန်သည်ဆေးကြောခြင်းတရားကိုဟောပြီးနောက် ဂါလိလဲပြည်မှစ၍ ယုဒပြည်အရပ်ရပ်တို့၌ နှံ့ပြားသောအကြောင်းအရာတို့ကိုသင်တို့ကြားကြပြီးဖြစ်ပေလိမ့်မည်။ ဘုရားသခင်သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း၊ နာဇရက်မြို့သား ယေရှုကို ဘိသိက်ပေးတော်မူသည်ကို ထိုသူသည်ဘုရားသခင်၏အခွင့်တော်နှင့် ကျေးဇူးပြုလျက် နတ်ဆိုး၏လက်တွင်းသို့ ကျခဲ့ကြသူများကိုလည်းကုသပေးတော်မူ၏။ ယခုကျွန်ုပ်သာမက ကျွန်ုပ်နှင့်အတူတူနေခဲ့ကြသောသူများသည် ဂျေရုဇလင်မြို့မှစ၍ ယုဒပြည်တွင် သူပြုတော်မူသောအမှုများတို့၏ သက်သေခံဖြစ်ကြ၏။ ထိုသူကို သစ်တိုင်ပေါ်တွင် ချိတ်ဆွဲသတ်ခဲ့ကြ၏။ သို့သော်သုံးရက်ကြာပြီးနောက် ဘုရားသခင်သည်သူကို တစ်ဖန်ပြန်ရှင်စေ၍ လူအပေါင်းတို့အားထင်ရှားပြတော်မမူ။ ဘုရားသခင်ခန့်ထားတော်မူခဲ့သောသက်သေခံတည်းဟူသော ကျွန်ုပ်တို့အား ထင်ရှားပြတော်မူ၏။ သေခြင်းမှထမြောက်တော်မူပြီးသည်နောက် ထိုသခင်နှင့်အတူ ငါတို့သည် စားသောက်ကြရ၏။ ထိုသခင်သည်လည်း အသက်ရှင်သောသူတို့နှင့် သေသောသူတို့ကို တရားစီရင်သောသခင် ဖြစ်စေခြင်းငှါ ဘုရားသခင် ခန့်ထားတော်မူကြောင်းကို လူအပေါင်းတို့အားဟောပြောကြလော့။ သက်သေခံကြလော့ဟု ငါတို့အား ပညတ်ထားတော်မူ၏။ ထိုသခင်ကိုယုံကြည်သောသူရှိသမျှတို့သည် သူ၏နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကိုခံကြရလတ္တံ့ဟူ၍ ပရောဖက်အပေါင်းတို့သည် ထိုသခင်၏သက်သေခံဖြစ်ကြသည်ဟု ပေတရုမြွက်ဆို၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆောလံသီချင်းကျူးခြင်း။**

ဆာလံ– ၁၁၇၊

သံပြိုင်။ ။သခင်ဘုရားစီရင်တော်မူသော ဤနေ့ရက်၌ဝမ်းမြောက်ရွှင်လန်းမြူးတူးကြစို့။
(သို့မဟုတ်)
အာလေလုယား၊ အာလေလုယား၊ အာလေလုယား။

- သခင်ဘုရားသည် ကောင်းမြတ်တော်မူ၍ ကိုယ်တော်၏ကရုဏာတော်သည် ကာလအဆက်ဆက်တည်တော်မူသောကြောင့် ကိုယ်တော်အားချီးကျူးကြလော့။ ကောင်းမြတ်တော်မူ၍ ကိုယ်တော်၏ကရုဏာတော်သည် ကာလအဆက်ဆက်တည်တော်မူ၏ဟုအစ္စရေးလူမျိုးသည် ယခုပြောဆိုပါစေ။ (သံပြိုင်)
- သခင်ဘုရား၏လက်ယာတော်သည် ကျွန်ုပ်ကိုချီးမြှောက်တော်မူ၍ သခင်ဘုရား၏ လက်ယာတော်သည် အစွမ်းတန်ခိုးကိုပြတော်မူ၏။ ကျွန်ုပ်သေဦးမည်မဟုတ်။ သို့သော်အသက်ရှင်၍ သခင်ဘုရား၏ ဆောင်ရွက်သောအမှုတော်များကို ဟောပြောပါဦးမည်။ (သံပြိုင်)
- တိုက်ကိုဆောက်သောသူတို့ပယ်ထားသောကျောက်၊ ဤကျောက်သည် ထောင့်ချုပ်ကျောက် ဖြစ်လာလေပြီ။ ထိုအမှုသည်သခင်ဘုရား ပြုသောအမှုဖြစ်၍ ကျွန်ုပ်တို့၏ မျက်မှောက်၌ အံ့ဩဖွယ်ရာဖြစ်ပေ၏။ (သံပြိုင်)

**ဒုတိယကျမ်း။**

**"ခရစ္စတူးသခင်ရှိတော်မူသောအထက်ကောင်းကင်ဘုံနှင့် ဆိုင်သောအရာများကိုသာရှာကြလော့။"**

*မွန်မြတ်သောတပည့်တော်ကြီးသံပေါလူးကောလောသဲမြို့သားတို့ထံရေးသောစာ။ (၃၊၁မှ၄)*

ညီအစ်ကိုတို့၊

သင်တို့သည်ခရစ္စတူးသခင်နှင့်အတူ ရှင်ပြန်ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ယာလက်၌ ထိုင်လျက်ရှိသော ခရစ္စတူးသခင်ရှိရာအထက်ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများကိုရှာကြလော့။ မြေကြီးပေါ်၌ ရှိသောအရာတို့ကို စိတ်စွဲလန်းခြင်း မရှိကြလေနှင့်။ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့ကိုသာ အာရုံပြုကြလော့။ အကြောင်းမူကားသင်တို့သည် သေခဲ့ကြပြီး၊ သင်တို့ အသက်သည်ခရစ္စတူးသခင်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိသည်။ ကျွန်ုပ်တို့၏အသက်ဖြစ်တော်မူသော ခရစ္စတူးသခင်သည် ဘုန်းထင်ရှားတော်မူ သောအခါ၊ သင်တို့သည်လည်း ကိုယ်တော်နှင့်အတူဘုန်းထင်ရှားကြလိမ့်မည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

အာလေလူယာ။ (ကောရင်းသိပထမ– ၅၊၇နှင့်၈)
အာလေလူယား။ ကျွန်ုပ်တို့၏ပါစကားသိုးငယ်တော်ဖြစ်တော်မူသော ခရစ္စတူးပူဇော်ခြင်းခံရလေပြီ။ ထို့ကြောင့်
သခင်ဘုရား၌ ပျော်ပွဲရွှင်ပွဲကျင်းပကြစို့။ အာလေလူယား။

**ဧဝံဂေလိကျမ်း။**

## "ကိုယ်တော်သည် သေသူတို့အစုမှရှင်ပြန်ထမြောက်ရမည်။"

*သံယောဟန်ရေးထားသောသန့်ရှင်းသောဧဝံဂေလိကျမ်း။ (၂၀၊ ၁မှ၉ )*

ခုနှစ်ရက်တွင်ပထမနေ့၌၊ မာရီယားမာဒလေနားသည်၊ စောစောအမှောင်ရှိသေးသည့်အခိုက်၊ သင်္ချိုင်းတော်သို့ လာ၍၊ သင်္ချိုင်းတွင်းမှကျောက်သည် ရွေ့ထားလျက်ရှိသည်ကိုမြင်၏။ ထို့ကြောင့်စီမုန်ပေတရူးနှင့် ယေဇူးချစ်တော်မူသော အခြား တပည့်တော်ဆီသို့ပြေးသွားရာ၊ သင်္ချိုင်းတွင်းမှသခင်ကိုယူသွားကြပြီ၊ အဘယ်မှာထားကြသည်ကို ကျွန်မတို့မသိပါဟု သူတို့အားဆို၏။ ထိုအခါ ပေတရူးနှင့်အခြားသောထိုတပည့်တော်သည် ထွက်၍သင်္ချိုင်းတွင်းသို့ လာကြ၏။ နှစ်ဦးစလုံးအတူတူ ပြေးသွားကြစဉ်တွင်၊ ထိုအခြားသောတပည့်သည် ပေတရူးကိုလွန်၍ပြေးသဖြင့်၊ သင်္ချိုင်းတွင်းသို့ အဦးရောက်၏။ ထိုသူသည်ငုံ့၍ ကြည့်သောအခါ၊ ပိတ်အဝတ်ရှိ ရစ်သည်ကိုမြင်၏။ သို့ပင်သော်လည်းမဝင်ဘဲနေလေ၏။ စီမုန်ပေတရူးသည်သူ၏ နောက်သို့လိုက်၍၊ ရောက်သောအခါ သင်္ချိုင်း တွင်းထဲသို့ဝင်လျှင်၊ ရှိနေရစ်သော ပိတ်အဝတ်ကို လည်းကောင်း၊ ခေါင်းတော်ပေါ်၌ရှိသော ချွေးသုတ်ပုဝါသည်ကား ပိတ်အဝတ်များနှင့်အတူမဟုတ်၊ တသီးတသန့် လိပ်ထားလျက်ရှိသည်ကိုမြင်၏။ ထိုအခါ သင်္ချိုင်းသို့ အဦးရောက်သော ထိုအခြားတပည့်သည်လည်း ဝင်၍မြင်သဖြင့် ယုံလေ၏။ အကြောင်းမူကား လူသေတို့အစုမှ ကိုယ်တော် ထမြောက်ရမည်ဟူသော ကျမ်းချက်ကို သူတို့နားမလည် ကြသေး။

***ဤသည်ကားဘုရားသခင်၏နှုတ်တပါဌ်တော်ပေတည်း။***